## ငွေကြေးအရင်းအနှီး လိုအပ်နေသော ဆီစက်ပိုင်ရှင်များသို့ အသိပေးကြေညာချက်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်မှုဖြင့် ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေး ချေးငွေ စီမံခန့်ခွဲမှုအဖွဲ့သည် ပြည်တွင်းရှိ ဆီစက်များသို့ အဆင့်မီစက်ပစ္စည်းများ တိုးချဲ့တပ်ဆင်ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ ခေတ်မီဆီစက်အသစ်များ ထပ်မံတည်ဆောက်ခြင်းနှင့် လုပ်ငန်းသုံး ရင်းနှီး လည်ပတ်ငွေလိုအပ်ချက်များအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မတည်ထူထောင်ထားသည့် ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေရန်ပုံငွေမှ အတိုးနှုန်းသက်သာမှုရှိသော ချေးငွေများကို ထုတ်ချေး ပေးလျက်ရှိပါသည်။

၂။ ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေကို အောက်ပါအချက်များနှင့် ညီညွတ်ပါက လျှောက်ထား နိုင်ပါသည် -

(က) လက်ရှိလုပ်ငန်းလည်ပတ်လုပ်ကိုင်နေသော ဆီစက်ဖြစ်ရမည်၊

(ခ) လုပ်ငန်းအမည်ပေါက် လိုင်စင် (သက်တမ်းရှိ) ရရှိရမည်၊

(ဂ) ချေးငွေအတွက် အာမခံအဖြစ် အမည်ပေါက်ပိုင်ဆိုင်သော မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းများ၊ လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ် ပုံစံ(၇) ပေးအပ်နိုင်ရမည်၊

(ဃ) နိုင်ငံပိုင်ဘဏ်များနှင့် ပုဂ္ဂလိကဘဏ်များတွင် လက်ရှိချေးငွေရယူထားသူများအနေဖြင့် ဆီစက်ဖွံ့ဖြိုးရေးချေးငွေရယူလိုပါက **သီးခြားအာမခံ** တင်သွင်းနိုင်မှသာ လျှောက်ထားနိုင်ပါသည်၊

(င) FDA လက်မှတ်ရရှိပြီးသူ၊ အသေးစားစက်မှုလုပ်ငန်းမှတ်ပုံတင်လက်မှတ် ရရှိပြီးသူ၊ သက်ဆိုင်ရာဒေသရှိ ဆီစက်ပိုင်ရှင်များအသင်း၊ ဆီကုန်သည်နှင့်ဆီစက်လုပ်ငန်းရှင်များအသင်းဝင်ဆီစက်လုပ်ငန်းရှင်များအား ဦးစားပေးစဉ်းစားမည်။

၃။ ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေအတွက် ချေးငွေဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

**(က) ချေးငွေပမာဏ**

| | | | |
|---|---|---|---|
| (၁) | **လုပ်ငန်းသုံးလှည့်ပတ် ရင်းနှီးငွေ (Working Capital) အတွက် ချေးငွေ** | - | အနည်းဆုံး ကျပ် သိန်း ၁၀၀ မှ အများဆုံး ကျပ် သိန်း ၃၀၀၀ အထိ |
| (၂) | **မတည်ရင်းနှီးငွေ (Fixed Capital) အတွက် ချေးငွေ** | - | အနည်းဆုံး ကျပ် သိန်း ၂၀၀ မှ အများဆုံး ကျပ် သိန်း ၃၀၀၀ အထိ |

(ခ) **ချေးငွေသက်တမ်းနှင့် ပြန်ဆပ်ကာလ**

(၁) လုပ်ငန်းသုံးလည့်ပတ်ရင်းနှီးငွေ - **ချေးငွေသက်တမ်း (၁) နှစ်**

(၂) မတည်ရင်းနှီးငွေ - **ချေးငွေသက်တမ်း (၃) နှစ် ၃ ရစ်ဆပ်**

(ဂ) **ချေးငွေအတိုးနှုန်း** - **၁ နှစ်လျှင် (၅%)**

၄။ ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေ လျှောက်ထားရယူလိုသော ဆီစက်လုပ်ငန်းရှင်များသည် အောက်ပါ ရုံး၊ ဌာန၊ ဘဏ်ခွဲများတွင် ချေးငွေအဆိုပြုလွှာများ ရယူ၍ လျှောက်ထားနိုင်ပါသည် -

(က) ပြည်ထောင်စုနယ်မြေနေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် ဆီစက်ပိုင်ရှင်များ အသင်းရုံးများအားလုံး၊

(ခ) ပြည်ထောင်စုနယ်မြေနေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်၊ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းရုံးများအားလုံး၊

(ဂ) ပြည်ထောင်စုနယ်မြေနေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် စက်မှုကြီးကြပ်ရေး နှင့် စစ်ဆေးရေးဦးစီးဌာနရုံးခွဲများအားလုံး၊

(ဃ) ပြည်ထောင်စုနယ်မြေနေပြည်တော်၊ **တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်နှင့် မြို့နယ် မြန်မာ့စီးပွားရေးဘဏ်ခွဲများအားလုံး၊**

(င) ပြည်ထောင်စုနယ်မြေနေပြည်တော်၊ **တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်နှင့် မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲများအားလုံး၊**

၅။ ဆီစက်ချေးငွေ အဆိုပြုလွှာပုံစံများကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန website www.mopf.gov.mm၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန website https://msmewebportal.gov.mm/၊ မြန်မာဆီစက်ပိုင်ရှင်များအသင်း website http://www.meoma.org၊ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီစက်လုပ်ငန်းရှင်များအသင်း website http://meoda.myanmarwebtraining.com၊ MEB website www.meb.gov.mm၊ MADB website www.madb.gov.mm တို့တွင် download ရယူနိုင်ပါကြောင်း လေးစားစွာဖြင့် အသိပေးကြေညာအပ်ပါသည်။

**ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေ**
**စီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့**

**(၉-၁-၂၀၂၄ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ၊ စာမျက်နှာ ၃၂ နှင့် ၉၊ ကြေးမုံသတင်းစာ၊ စာမျက်နှာ ၃၂ နှင့် ၁၇၊ မြဝတီသတင်းစာ၊ စာမျက်နှာ ၃၂ နှင့် ၃ တို့မှ)**

## Capital assistance announcement for oil millers

1. The Oil Mills development Loan Management Task Force has granted loans at low-interest rates using the oil mills development fund of the State economic promotion fund to the local oil mills to install modern machines, upgrade, set up new oil mills and support working capitals under the guidance of the State Administration Council.

2. Those who meet the under-mentioned requirements can apply for the oil mills development loan;

   (a) the oil mill must be currently operational
   (b) must have a valid work licence
   (c) it must submit immoveable property under its own name and land use certificate Form (7) as collateral for the loan
   (d) those who take loans from state-owned banks and private banks can apply with a separate insurance
   (e) those who receive FDA certificates, small-scale industry work licences and members of relevant regions' oil millers associations and edible oil dealers' associations will be prioritized

3. The rules for oil mill development loans are as follows: -

   (a) loan amount
      (1) Working Capital – K10 million (minimum) – K300 million (maximum)
      (2) Fixed Capital – K20 million (minimum) – K300 million (maximum)

   (b) loan term and repayment period
      (1) Working Capital – one year
      (2) Fixed Capital – three-year term, three instalments

   (c) Interest rate – five per cent per year

4. The oil millers who want oil mill development loan can get loan application forms at the following places: -

   (a) oil millers' association offices in Nay Pyi Taw, Regions/States
   (b) edible oil dealers' association offices in Nay Pyi Taw, Regions/States

(c) Directorate of Industrial Supervision and Inspection offices in Nay Pyi Taw, Regions/States

(d) Myanma Economic Bank Branches in Nay Pyi Taw, Regions/States

(e) Myanma Agricultural Development Bank Branches in Nay Pyi Taw, Regions/States

5. The loan application forms are at www.mopf.gov.mm and https://msmewebportal.gov.mm/, http://www.meoma.org, http://meoda.myanmarwebtraining.com, www.meb.gov.mm and www.madb.gov.mm.

*Oil, Mills Development Loan Management Task Force*

(Excerpt from Page 2 of the Global New Light of Myanmar Newspaper dated 9 January 2024)

<table>
<tr><th colspan="3">ဆီစက်ချေးငွေအဆိုပြုလွှာပုံစံ</th></tr>
<tr><th colspan="3">အပိုင်း (က) ကုမ္ပဏီ/လုပ်ငန်း၏ အသေးစိတ်အချက်အလက်များ</th></tr>
<tr><td>၁။ လုပ်ငန်း/ ကုမ္ပဏီအမည်</td><td colspan="2"></td></tr>
<tr><td>၂။ ချေးငွေရယူလိုသည့် ရည်ရွယ်ချက်</td><td colspan="2">☐ ဆီစက်အသစ်ဝယ်ယူရန်<br>☐ ဆီစက်အဆင့်မြှင့်တင်ရန်<br>☐ ကုန်ကြမ်းသီးနှံဝယ်ယူရန်</td></tr>
<tr><td rowspan="6">၃။ ဆက်သွယ်ရမည့်လိပ်စာ</td><td>အမည်</td><td></td></tr>
<tr><td>ရာထူး</td><td></td></tr>
<tr><td>မှတ်ပုံတင်အမှတ်</td><td></td></tr>
<tr><td>ဖုန်းနံပါတ်</td><td></td></tr>
<tr><td>အီးမေးလ်</td><td></td></tr>
<tr><td>လိပ်စာ</td><td></td></tr>
<tr><td colspan="2">၄။ ဆီစက်အရွယ်အစား<br>(တစ်ခုသာ ရွေးချယ်ပေးရန်)</td><td>☐ အကြီးစား ☐ အလတ်စား<br>☐ အငယ်စား( အလတ်စားသို့တိုးမြှင့်နိုင်မည့်လုပ်ငန်း )</td></tr>
<tr><td colspan="2">၅။ စီးပွားရေးလုပ်ငန်းအမျိုးအစား<br>(တစ်ခုသာ ရွေးချယ်ပေးရန်)</td><td>☐ ကုမ္ပဏီ ☐ ဖက်စပ် ☐ ကိုယ်ပိုင်လုပ်ငန်း<br>☐ အသင်းအဖွဲ့ ☐ အခြား</td></tr>
<tr><td colspan="2">၆။ လုပ်ငန်းလိုင်စင်/ လုပ်ငန်းမှတ်ပုံတင်အမှတ်<br>(လိုင်စင်ရရှိရန် ဆောင်ရွက်နေဆဲ ဖြစ်ပါက<br>“လျှောက်ထားဆဲ” ဟု ရေးပေးပါရန်)</td><td></td></tr>
<tr><td colspan="2">၇။ လိုင်စင်/ မှတ်ပုံတင်သက်တမ်း<br>(အကျုံးဝင်သည့်ကာလ)</td><td>------------/------------/-------------<br>(ရက်) (လ) (နှစ်)</td></tr>
<tr><th colspan="3">အပိုင်း (ခ) ငွေကြေးဆိုင်ရာအချက်အလက်များ</th></tr>
<tr><td colspan="2">၈။ ငွေကြေးဆိုင်ရာ စာရင်းစစ်ထားသော စာရွက်<br>စာတမ်းများ ရှိပါသလား။ (တစ်ခုသာ ရွေးချယ်</td><td>☐ ရှိ ☐ မရှိ</td></tr>
</table>

| | |
|---|---|
| ပေးရန်) | |
| **အပိုင်း(ဂ) နည်းပညာပိုင်းဆိုင်ရာလုပ်နိုင်စွမ်း** | |
| ၉။ ဆောင်ရွက်မည့် လုပ်ငန်းများ<br>(ဥပမာ- ကြိတ်ခွဲခြင်း၊ ဆီနှင့်ကြိတ်ဖက်များ<br>ရောင်းချခြင်း၊ တင်ပို့ခြင်းစသည် | |
| ၁၀။ လုပ်ငန်းအကောင်အထည်ဖော်ရန်ကြာချိန် (နှစ်) | |
| ၁၁။ လက်ရှိလုပ်ငန်းအခြေအနေနှင့် လုပ်ကိုင်ခဲ့သော<br>နှစ်ကာလ | |
| ၁၂။ ဆီကြိတ်ခွဲထုတ်လုပ်သည့်လုပ်ငန်းတွင်<br>လုပ်ကိုင်ခဲ့ဖူးခြင်း ရှိ/မရှိ | ☐ ရှိ ☐ မရှိ |
| **အပိုင်း(ဃ) အဆိုပြုလိုသော ချေးငွေပမာဏ** | |
| ၁၃။ (က) **မတည်ရင်းနှီးငွေ (Fixed Capital)**<br>(ဥပမာ- ဆီစက်များအဆင့်မြှင့်တင်ခြင်း/<br>ဆီစက်အသစ်များဝယ်ယူခြင်းစသည်) | |
| (ခ) **လုပ်ငန်းသုံးရင်းနှီးငွေ (Working Capital)**<br>(ဥပမာ- ကုန်ကြမ်းဝယ်ယူရန်၊<br>ကုန်ချေးဈေးကွက်ရှာဖွေရန်စသည်) | |
| (ဂ) **စုစုပေါင်းချေးယူလိုသည့်ပမာဏ**<br>**(ကျပ်သန်းဖြင့်ဖော်ပြရန်)** | |
| ၁၄။ အာမခံပစ္စည်းတင်ပြနိုင်မှု<br>(ရယူလိုသည့် ချေးငွေပမာဏနှင့်လိုက်လျောညီ<br>ထွေသော အာမခံပစ္စည်းအား တင်ပြပေးရန်) | |
| **အပိုင်း(င) ကတိဝန်ခံချက်** | |

**ကျွန်တော်/ ကျွန်မသည် ဤအဆိုပြုလွှာတွင် ဖြည့်သွင်းထားသော အချက်အလက်များမှာ မှန်ကန်ပါကြောင်း အာမခံ၍ လက်မှတ်ရေးထိုးအပ်ပါသည်။ မှားယွင်းသောအချက်အလက်များ ဖြည့်သွင်းမိခြင်းသည် အရည်အသွေးမပြည့်မီခြင်းကို ဖြစ်စေနိုင်သည့်အတွက် ဤလုပ်ငန်းစဉ်မှ ငြင်းပယ်ခံရမည်ကိုလည်း ကောင်းစွာသဘောပေါက်ပြီး ဖြစ်ပါသည်။**

**ထိုးမြဲလက်မှတ်**

<table>
<tr><td>လက်မှတ်ရေးထိုးသူအမည်</td><td></td><td rowspan="3">ကုမ္ပဏီတံဆိပ်တုံး</td></tr>
<tr><td>ရာထူး</td><td></td></tr>
<tr><td>ရက်စွဲ</td><td></td></tr>
</table>

ဆီစက်ချေးငွေအဆိုပြုလွှာများကို ရက်ကန့်သတ်ချက်မရှိ၊ ရုံးဖွင့်ရက်များတွင် ရုံးချိန်အတွင်း လျှောက်ထားနိုင်ပါသည်။ **ဘဏ်တစ်ခုခုမှ ချေးငွေရယူပြီးလုပ်ငန်းဆောင်ရွက်ဆဲဖြစ်သော်လည်း အဆိုပါဘဏ်ချေးငွေအစီအစဉ်မှ သီးခြားဖြစ်သော လုံလောက်သည့်အာမခံပစ္စည်းတင်ပြနိုင်သူ လုပ်ငန်းရှင်များသည် ယခုဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေကို လျှောက်ထားနိုင်ပါသည်။**

အဆိုပြုလွှာနှင့် အောက်တွင်ဖော်ပြထားသည့် စာရွက်စာတမ်းများအား စာအိတ်တွင် ထည့်သွင်း၍ စာအိတ်အားပိတ်ပြီး စာအိတ်ပေါ်တွင် **"ဆီစက်လုပ်ငန်းရှင်များဖွံ့ဖြိုးရေးချေးငွေအဆိုပြုလွှာပေးပို့ခြင်း"** ဟု တပ်ရမည်။ ချေးငွေအဆိုပြုလွှာများကို အောက်ဖော်ပြပါ ရုံး၊ ဘဏ်ခွဲများသို့ လူကိုယ်တိုင် (သို့မဟုတ်) အမြန်ချောဖြင့် ပေးပို့လျှောက်ထားနိုင်ပါသည်-

(က) ပြည်ထောင်စုနယ်မြေနေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် ဆီစက်ပိုင်ရှင်များအသင်းရုံးများအားလုံး၊

(ခ) ပြည်ထောင်စုနယ်မြေနေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်၊ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းရုံးများအားလုံး၊

(ဂ) ပြည်ထောင်စုနယ်မြေနေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနရုံးခွဲများအားလုံး၊

| | |
|---|---|
| (ဃ) | ပြည်ထောင်စုနယ်မြေနေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်/ခရိုင်နှင့် မြို့နယ် မြန်မာ့စီးပွားရေးဘဏ်ခွဲများအားလုံး၊ |
| (င) | ပြည်ထောင်စုနယ်မြေနေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်နှင့် မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲများအားလုံး၊ |

**ပူးတွဲစာရွက်စာတမ်းများ**

၁။ လုပ်ငန်းလိုင်စင်/ မှတ်ပုံတင် (သို့မဟုတ်) လျှောက်ထားဆဲ သက်သေခံစာရွက်စာတမ်းများ

၂။ ကုမ္ပဏီဖြစ်ပါက ကုမ္ပဏီမှတ်ပုံတင်လက်မှတ် (မိတ္တူ)၊ ဒါရိုက်တာများစာရင်း၊ ရှယ်ယာစာရင်း၊ အစည်းအဝေးမှတ်တမ်း၊ နှစ်စဉ်အစီရင်ခံစာ (Annual Return)

၃။ ဘိုးဘပိုင်မြေ၊ ဂရန်မြေ၊ လန (၃၉)၊ (၃) (ခ)၊ လယ (၃၀) (က) (ခ)၊ ပုံစံ (၇)၊ မြေစာရင်းပုံစံ (၁၀၅၊ ၁၀၆) မိတ္တူ

၄။ အာမခံပစ္စည်း အဆောက်အဦများ ရှေ့ ၊ နောက် ၊ ဝဲ၊ ယာ၊ အတွင်း ဓါတ်ပုံများ၊ အာမခံပစ္စည်း တည်နေရာပြမြေပုံ

၅။ လုပ်ငန်းရှင်များ၏ လိုင်စင်ဓါတ်ပုံ၊ မှတ်ပုံတင် (မိတ္တူ)၊ အိမ်ထောင်စုဇယား (မိတ္တူ)

၆။ အခွန်ပေးဆောင်မှု အထောက်အထား(မိတ္တူ)

၇။ လုပ်ငန်း၏ အရှုံးအမြတ်စာရင်းနှင့် လက်ကျန်ရှင်းတမ်း

၈။ ချေးငွေအသုံးပြုမည့်အစီအစဉ်

၉။ လုပ်ငန်းဆောင်ရွက်နေပုံ၊ ထုတ်ကုန်များ၏ နမူနာဓါတ်ပုံများ၊ လက်ရှိစက်ပစ္စည်းများစာရင်း၊ လက်ရှိစက်ပစ္စည်းများစာရင်းနှင့် ဓါတ်ပုံများ၊ အဆောက်အဦဆောက်မည်ဆိုပါက တွက်ချက်မှုစာရင်းနှင့်ပုံကြမ်း၊ ပြုပြင်မည်ဆိုပါက တွက်ချက်မှုစာရင်း၊ ပုံကြမ်းနှင့် မပြုပြင်မီ ဓါတ်ပုံများ

၁၀။ FDA လက်မှတ်ရရှိထားပါက ပူးတွဲတင်ပြပေးရန် ( လျှောက်ထားဆဲဖြစ်ပါက လျှောက်ထားဆဲ အထောက်အထားတင်ပြရန်)